
ရှင်ဝိုင်း
ရူးအောင် ချစ်ရသူ

# အခန်း-၁

တစ်ဖက်ခြံထဲ ရေကြီး သုတ်ပြာဖြင့် ပြေးဝင်လာခဲ့သည် ။ မိုးမမြင် လေမမြင် ဆိုသည် မှာ ဘေဘီမှ အစစ်အမှန်။ ကိုယ်မြတ်နိုးသည့် သူကို ခွဲခွာရတော့မည့် အသိက နှလုံးသားကို ရိုက်ချိုး နေလေပြီ။

"ဦးပိုင် ဦးပိုင် တို့ က အိမ်ပြောင်းတော့မှာ ဆို အဟင့်"

ဦးပိုင် အခန်းထဲကို ဘာမှ စဉ်းစားမနေဘဲ ဝင်ခဲ့သည် ။ ငိုလည်း ငိုနေမိသည် ။ အခန်းထဲ ရောက်စဉ် အဝတ်အစားများကို သိမ်းနေသည့် ဦးပိုင်ကို မြင်လိုက်ရ၍ ကြမ်းပြင်ပေါ် ဖင်ထိုင်ချကာ သဲကြီးမဲကြီး ငိုမိတော့သည် ။

"ဟာ ဘေဘီပစ် ကြမ်းပြင်မှာ ဘာလို့ ငိုနေတာလဲ။ ကလေးလည်း မဟုတ်တော့ဘူး"

"ငိုမှာ ပဲ ဦးပိုင်က ဒီမြို့က ထွက်သွားတော့မှာ ဆို "

စူအောက်အောက်ဖြင့် ဆောင့်အော်လိုက်သည် ။ ပိုင်က နားကိုပိတ်ကာ ရှုံ့မဲ့ပြနေသည် ။

"ဟဲ့ ပစ်မ နင့်ဝက်သံနဲ့ မအော်စမ်းပါနဲ့ နားတွေ ကွဲကုန်ပါ့မယ်။ နေပါဦး ငါမရှိတော့ နင်က ဘာဖြစ်သွားမှာ မို့လို့ လဲ"

ဦးပိုင် မေးလိုက်သည့် မေးခွန်းက ဘေဘီ သူခိုးလူမိသလို ပျာယာခတ် သွားသည် ။ ရင်ထဲမှ ခံစားချက်များ တဒိန်းဒိန်းဖြင့် ဖြောင်း ဆန်သွား၏။

"ဟို ဟိုလေ ဘေးဘီကို စာပြပေးမယ့်သူ ကျောင်းပို့ပေးမယ့်သူ မရှိ တော့မှာ မို့ပေ့ါ"

စကားလမ်းလွှဲပြီး ပြောလိုက်ပေမယ့် တကယ်တမ်း ပြောချင်ခဲ့သည် က တခြားပါ။ ဦးပိုင်ကို တားချင်ပေမယ့် တားပိုင်ခွင့်မှ မရှိတာ။ ဒါပေမဲ့ ဘေဘီအတွက် သူက အရေးကြီးသောသူ။ သူ့အတွက် ဘေဘီက ဘာမှ မဟုတ်သည့်သူ။

"ရယ်ရပါလား ဘေဘီရာ နင်ဟာလေ တွေးကို ပူတတ်တယ်"

"ဦးပိုင် ဟိုရောက်ရင် ဘေဘီကို ဖုန်းအမြဲဆက်နော် ပြီးတော့ ရည်း စားထားလည်း ပြောပြရမယ်"

ကိုယ်က စိုးရိမ်စိတ်နှင့် မပြောသင့်သည် ကို ပြောမိခဲ့သည် ။ ဦးပိုင် လက်က သွက်လွန်းသည် ။ ဘေဘီ ဦးခေါင်းဆီကို သူ့လက်က ရောက် လာတော့သည် ။

"ဒေါက်"

"အ နာတယ်"

"ကောင်မလေး ခုမှ ကလေး ရှိသေးတယ်။ ဘာစကားတွေ ပြောနေ တာလဲ။ ပြောလို့ သာ ပြောရပါတယ်။ ဒီလိုဖက်တီး ရုပ်ဆိုးဆိုး ကောင်မ လေးကို ဘယ်သူက ကြိုက်မှာ လဲနော်၊ ကိုယ်တောင် ညီမလေးမို့ သံ ယောဇဉ်နဲ့ အပေါင်းအသင်း လုပ်နေရတာကိုး"

သူ့စကားက ဘေဘီ၏ ငိုချင်စိတ်ကို နိုးဆွနေသလို ခံစားရသည် ။ ရ

က်စက်လိုက်သည့် ဦးပိုင်။ ဘေဘီက ဝတာ ဟုတ်ပါသည် ။သို့ ပေမယ့် ဦးပိုင်က သည် စကား ပြောထွက်၍ ပိုခံစားရသည် ။ ဝနေသည့် ကိုယ့်ကိုယ်ကိုယ် စိတ်တိုမိသည် ။ မျက်ရည်များ တပေါက်ပေါက် ကျသည် အထိ ရင်နာနေမိသည် ။

"ဟာ ဘေဘီ ဘာလို့ ငိုနေတာလဲ "

သည် တစ်ခါ ငိုသည် မှာ အသံမထွက်ဘဲ ပိုင်ကိုကြည့်၍ အံကြိတ် ငိုနေရှာသည် ။ ဘာစကားမှ လည်း မပြောတော့ပေ။ ဘေဘီ ဘာမှ မပြောလိုတော့တာကြောင့် အခန်းထဲက ထွက်ပြေးလာခဲ့သည် ။

"ဟာ ဘေဘီ ဘာဖြစ်သွားတာလဲဟ"

ပိုင်ရှင် နားမလည်စွာဖြင့် ခေါင်းကုတ်ပြီး ကျန်ခဲ့သည် ။

အဝတ်အစားများကို ဆက်သိမ်းနေရင်း စဉ်းစားပေမယ့် အဖြေက မထွက်ပေ။ ဘေဘီကို ညီမလေး တစ်ယောက်လို ချစ်ပါသည် ။ အမြဲလည်း စနောက်နေကြပင်။ သည် မြို့က ထွက်သွားရမည် ဆိုတော့ စိတ်ထဲမှ မကောင်းလှပါ။

ဒီနေ့သည် ပိုင်ရှင် ထွက်သွားရမည့်နေ့ ဖြစ်သည် ။ ကားပေါ် မတက်သေးဘဲ ဘေဘီကို ထိုင်စောင့်နေမိသည် ။ တစ်ရပ်ကွက်ထဲ ဆိုပေမယ့် အိမ်နီးနားချင်း မဟုတ်တာကြောင့် အိမ်ကသာ ထိုင်စောင့်နေသည် ။

"သားရယ် သွားရအောင် အချိန်လင့်နေပြီ"

"မေမေရယ် နေပါဦး၊ ဘေဘီ မလာသေးလို့ မနေ့က ပြောလိုက်လို့များ စိတ်ကောက် သွားတာလားပဲ့"

ဇာတ်တရှည်ရှည်ဖြင့် မျှော်နေမိပေမယ့် ပေါ်မလာသေး။ ဘေဘီကိုမှာ စရာမှာ ပြီး လက်ဆောင်ပေးမလို့ ဟာကို ခုထိ မလာ၍ စိတ်တိုချင်

လာသည် ။ နေစောင်းတော့မှာ ကြောင့် ကားပေါ်ကို တက်လိုက်သည် ။ ကားက လမ်းထဲမှာ တရွေ့ရွေ့ မောင်းလာနေသည် ။ ဘေဘီမလာ၍ စိတ်မကောင်းတာရော စိတ်ဆိုးတာပါ ပိုင်ရှင် ခံစားနေရသည် ။

'"သား ဟိုမှာ ဘေဘီ မဟုတ်လား"

နောက်ကို ကြည့်မိတော့ သူ့ခန္ဓာကိုယ်နှင့် ပြေးလိုက် လာနေသည် ။ သည် လိုမြင်ရတော့လည်း တော်တော် သနားသွားရသည် ။ ကားကို ရပ်ခိုင်းကာ ဘေဘီဆီ ပြေးသွားခဲ့သည် ။

"ဘာလို့ ခုမှ ပြေးလိုက်လာတာလဲ မောနေပြီ မဟုတ်လား"

ငိုလည်း ထားပုံရသည် ။ မျက်ရည်များ နှင့် ဟောဟဲခတ်နေလေသည် ။ မျက်ရည်များကို သုတ်ပေးလိုက်ပြီး လက်ဆောင်ပေးမည့် ဆွဲကြိုးလေးကို ဆွဲပေးလိုက်သည် ။ ခေါင်းလေးကို ပွတ်သပ် ပေးလိုက်ပြီး ...

"စာကြိုးစားနော်၊ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်ရမယ်နော်၊ ပြီးတော့ အစားလျှော့စား ကြားလား"

သူ့ကို မျက်စောင်းထိုးပြီး ကြည့်နေမိသည် ။ ဦးပိုင်ကို မကျေနပ်ပါ။ ဘေဘီကို နှိမ်သည် ။ ဘေဘီလက်တွင် ဝတ်ထားသည့် လက်ပတ်လေးကို ဦးပိုင်ကို ဝတ်ပေးပြီး စကား ဆိုလိုက်သည် ။

"ဦးပိုင်ကို မကျေနပ်ဘူး ဘေဘီကို နှိမ်တယ်။ အဲဒီအတွက် ဦးပိုင် ပြန်ပေးဆပ်ရမယ်၊ မှတ်ထားပါ ဦးပိုင် ဘေဘီကို အကြွေးဆပ်စရာ ရှိတယ် ဆိုတာကို"

ပြောချင်ရာပြောပြီး ခြေကို ဆောင့်နင်းကာ ထွက်သွားတော့သည် ။ ပိုင်ရှင်မှာ မျက်လုံး ပြူးကျယ်သွားကာ အံ့ဩ ကျန်ခဲ့ရသည် ။ လိုက်သွား

မည့် ခြေလှမ်းများ သည်  မေမေ့ ခေါ်သံကြောင့် တပ်ဆုတ်ပြန်ခဲ့ရသည် ။ ဟိုရောက်မှ ဖုန်းဆက် ချော့တော့မည်ဟု ဆုံးဖြတ်လိုက်သည် ။

"ဘေဘီ နင်က ငါစနောက်နေကျသူ မဟုတ်တော့သလိုပဲ"

"ဟဲလို တီလေးလား ဘေဘီနဲ့ စကားပြောချင်လို့ ၊ သူ့ဖုန်းကလည်း စက်ပိတ်ထားတယ်တဲ့ "

"ဟုတ်လား တီလေး ကြည့်လိုက်ဦးမယ်၊ မင်းညီမက အိပ်နေတယ် ပိုင်ရဲ့ "

"ဟုတ်လား ဒါဆို ဖုန်းပြန်ဆက်ပါလို့ ပြောပေးပါနော် တီလေး"

"အေးပါ ပိုင်ရယ်"

ဦးပိုင်ဆီက ဖုန်းလာမှန်းသိ၍ အိပ်ချင်ယောင် ဆောင်နေခဲ့သည် ။ ဘေဘီ ဖုန်းကဒ်ကိုလည်း ကဒ်ပြောင်းထားခဲ့သည် ။ ဘေဘီ ရည်ရွယ်ချက် မပြည့်သရွေ့ ဦးပိုင်ကို မခေါ်ဘူး၊ အတွေ့မခံဘူးဟု ဆုံးဖြတ်ထားသည် ။

ဘေဘီ မနက်အစောကြီး အိပ်ရာထကာ အပြေး လေ့ကျင့်ခန်းကို မပြတ်လုပ်ခဲ့သည် ။ အစား လျှော့စားသည် ။ စာမေးပွဲနီးလေ ဦးပိုင်ကို လွမ်းလေပါ။ ဒါပေမဲ့ ဖုန်းခဏခဏ ဆက်ပေမယ့် ရှောင်နေခဲ့သည် ။

"ဘေဘီ ပိုင်ကို ရှောင်နေတာလား၊ တီလေးကို ပြောစမ်း ရန်ဖြစ်ထားကြတာလား"

"ဘေဘီ ဦးပိုင်ကို မခေါ်ချင်ဘူး၊ ပြီးတော့ သူဖုန်းဆက်ရင် သမီးရှိတယ် မပြောပါနဲ့ "

ဘေဘီ ထိုသို့ပြောပြီး အခန်းထဲကို ဝင်လာခဲ့သည် ။ စာကျက်တိုင်း

သတိရသည် ။ မသိသည့် စာတွေဆို ပြောပြမည့် ဦးပိုင်က မရှိတော့။ ခု ချိန်များ ဦးပိုင် ဘာလုပ်နေမလဲ။

ဖုန်းဆက်တိုင်း မကိုင်သည့် ဘေဘီကို စိတ်တိုမိသည် ။ ခုဆို စာမေး ပွဲက ဖြေတော့မည်။ ဖြေနိုင်ပါ့မလား တွေးပူရသည် မှာ အမောပင်။

"ဘေဘီပစ်မ ငါ့ကို စိမ်းကားတယ်"

ခုတလော ဖုန်းဆက်ချင်ပေမယ့် ဆက်မရ။ ခုတလော အနုပညာ အ သိုင်းအဝိုင်းမှာ စတင် ခြေချနေပြီမို့ မအားတော့ပါ။

စာမေးပွဲကြီးလည်း ပြီးသွားပြီ။ ဦးပိုင်ကို လွမ်းမိသည် ။ ဦးပိုင် ဓာတ် ပုံပါသည့် မဂ္ဂဇင်းကို မြင်လိုက်ရ၍ အလွန်ပျော်မိသည် ။

"ဦးပိုင်ရယ် ဦးမြင့်က အမြင့်တက်လေ ဘေဘီအတွက် အမြင့်လိုက် ဖို့ ခက်ခဲလေပါလား"

တခြားဆင်းကဒ်ဖြင့် ဦးပိုင်ဖုန်းကို ခေါ်လိုက်သည် ။

"ဟဲလို ဘယ်သူလဲ မသိဘူး"

မိန်းကလေး တစ်ယောက်၏ အသံကို ကြားလိုက်တော့ ရင်ပူသွားမိ သည် ။ ငိုချင်စိတ်မှာ လှိုင်းထလျှက် ဖုန်းကိုင်ထားသည့် လက်မှာ တုန်ရီ လာသည် ။ ဘာစကားမှ မထွက်အောင် ပါးစပ်ကို ပိတ်ပြီး ငိုနေမိသည် ။

"ဘယ်သူလဲ နေ"

"မသိဘူး ပြန်လည်း မဖြေဘူး"

ဓာတ်ပုံ ရိုက်နေသည် မို့ ဖုန်းမကိုင်နိုင်၍ နေက ကိုင်လိုက်သည် ။ ဖု န်းကို ကြည့်မိတော့ ဘယ်သူ့ကိုမှ မပေးဖူးသည့် ပိုင်၏ သီးသန့်ဆင်းက

ဒ်ခဲ့ လာသည် ။ ရင်ထဲတွင် ဘေဘီများ ဖြစ်နေမလားဟု တွေးမိသည် ။ ဖုန်းကို ပြန်ဆက်တော့ ဖုန်းပိတ်ထားသည် ပြောနေတာကြောင့် လက်လျှော့လိုက်သည် ။

"တီလေးရေ သမီးစာမေးပွဲ အောင်တယ်"

ပျော်ရွှင်စွာ ခုန်ပေါက်ပြီး အိမ်ထဲ ဝင်လာခဲ့သည် ။

"ဟုတ်လား ဒီမှာ ပိုင်ကလည်း ဖုန်းဆက်မေးနေတာ၊ ပြီးတော့ ဒီကို အလည်လာမလို့ တဲ့ ရော့ ဖုန်းပြောလိုက်ဦး"

ဖုန်းကို ကိုင်ကာ ပြောနေသည့် တီလေး စကားကြောင့် ဘေဘီ လန့်သွားသည် ။ ဖုန်းမကိုင်ချင်တာကြောင့် အိမ်အပြင်ကို ပြေးထွက် လာခဲ့သည် ။

ဖုန်းထဲမှ ပျော်ရွှင် မြူးထူးနေသည့် ဘေဘီအသံ ကြားလိုက်ရ၍ ပိုင်ရှင် အရမ်း ပျော်သွားမိသည် ။ စကား ပြောချင်စိတ်များ ဖြစ်လာပေမယ့် ရှောင်ပြေးပြန်ပြီ။ နေနှင့်ဦးပေါ့ ဘေဘီပစ်ရယ်။ အမိကို ဖမ်းပြမယ်။ မနက်ဖြန်တွင် ကိုယ်နေခဲ့သည့် မြို့လေးကို နှေချင်းပြန် ဆိုင်ဖွင့်ပွဲ သွားရမည်။ ဘေဘီကို အမိဖမ်းမည်။

"ရပါတယ် တီလေး မနက်ဖြန်မှ သူကို အမိ ဖမ်းတော့မယ်"

မနက်ဖြန် ဦးပိုင်လာမည်တဲ့ ။ ဒါပေမဲ့ ဝနေသေးသည့် ဘေဘီ ခန္ဓာကိုယ်ကြောင့် စိတ်ဓာတ်ကျမိ ပြန်သည် ။ ဦးပိုင်နှင့် တွေ့လျှင် မပိန်လျှင်တောင်မှ မဝသည့် ကိုယ်ခန္ဓာကိုယ်ကို လိုချင်မိသည် ။ ချစ်နေသူ၏ ရှေ့တွင် လှချင်သည် မှာ မိန်းကလေးတိုင်း၏ ပင်ကိုယ် သဘာဝတစ်ခု ဖြစ်သည် ။

တစ်ညလုံး ဝိတ်ကျအောင် လေ့ကျင့်ခန်း လုပ်နေမိသည် ။ သူများ

တွေ မြင်လျှင် ရူးနေသူဟု ထင်လိမ့်မည်။ အချစ်နှင့်တွေ့လျှင် လူတိုင်း ရူးသွပ်ကြစမြဲ။

မနက်လင်းခါနီးမှ အိပ်ပျော်သွားတော့သည် ။

"ဘေဘီရေ အောက်မှာ ပိုင်ရောက်နေတယ် ထတော့လေ"

"ဘာ ဘယ်လို"

မျက်လုံးများ ပင် ပြူးကျယ်လျှင် ထအော် လိုက်မိသည် ။

"ဟုတ်တယ် မျက်နှာသစ်ပြီး ဆင်းခဲ့တော့"

ဘေဘီ ပျာယာခတ်စွာ စဉ်းစား ရတော့သည် ။ ဦးပိုင်ကို မတွေ့ချင် သေး။ ထို့ကြောင့် စောင်များ အိပ်ရာခင်းများကို တွဲကာ ဝရံတာမှ ခို ဆင်း လာခဲ့တော့သည် ။

"ဘုတ်"

မြက်ခင်းပြင်ပေါ် ကျ၍ သာ ဘေဘီကိုယ်လုံးနှင့် အကျမသေးလှပါ။ ခြေကျင်းဝတ်က နာသွားသည် ။ ညအိပ် ဝတ်စုံဖြင့်ပင် အပြင်ကို ရှောင် တိမ်း ထွက်လာခဲ့မိသည် ။ အချစ်ကို ရင်မဆိုင်ရဲသည့် အဖြစ်သည် အင် မတန် ဆိုးရွားစွာ ခံစားရသည် ။ မျက်ရည်စတို့ ကလည်း ပါးပြင် တစ်လျှောက် လှောင်ပြောင်စွာ စီးကျ လာတော့သည် ။

"ကြာလိုက်တာ ဘေဘီကလဲ"

"တီလေး ပြောခဲ့ပါတယ်။ ခဏနော် ပြန်အိပ်နေလား မသိဘူး သွား ကြည့်ဦးမယ်"

တီလေးက အပေါ်ထပ်ကို နောက်ထပ်တစ်ခေါက် တက်သွားသည် ။ ကိုယ့်ကို မတွေ့ချင်လို့ များ ရှောင်နေတာလား ဘေဘီရယ်။

"ပိုင်ရေ ပိုင်"

ငယ်သံပါအောင် အော်ခေါ်နေသည့် အသံကြောင့် ဘေဘီ အခန်းဆီ ကို တက်သွားသည် ။ ဘေဘီအခန်းမှာ ဝရံတာနှင့် ကပ်လျှက်ပင်။ စောင်များကို မြင်လိုက်တော့ ပိုင် အံ့ဩသွားမိသည် ။ ထို့နောက် ရေး ကြီးသုတ်ပြာဖြင့် အောက်ထပ်ကို ရှာနေပေမယ့် ဘေဘီကို မတွေ့ရ တော့။

"ပိုင်ရယ် အားနာလိုက်တာ၊ ဘေဘီ ဘာမှ တော့ မဖြစ်လောက်ပါ ဘူး၊ အောက်မှာ မရှိပုံ ထောက်ရင်"

"ဘေဘီကို ပြောပေးပါ တီလေး စိတ်ဆိုးပြေပါတော့လို့ နော်"

"အေးပါ"

အချိန်မရသည် မို့ ဆိုင်ဖွင့်ပွဲဆီကို အပြေးလေး လာခဲ့ရသည် ။ ရောက်ရောက်ချင်း ဘေဘီကို စနောက်ကြည့်စယ် ချင်သောကြောင့် သွားခဲ့ပေမယ့် အတွေ့မခံ။ ဘာကြောင့် သည် လောက် စိမ်းကား ပြတ် သားရသလဲဆိုတာ မစဉ်းစားတတ်အောင် ဖြစ်ရသည် ။ ခေါင်းငိုက်စိုက် မှု ဝမ်းနည်းမှုကို ဖုံးကာ ထားရသည် ။

ဘေဘီ အလောတကြီး ထွက်လာရသည် ကြောင့် ညအိပ်ဝတ်စုံဖြင့်ပ င် ဆိုင်ဖွင့်ပွဲဆီကို ရောက်လာခဲ့သည် ။ လာနေပါပြီ။ ဘေဘီ၏ မင်းသား လေး။ အဝေးကသာ ကြည့်၍ အလွမ်းဖြေရသည့် ဘေဘီဘဝ။ ဘယ်သူ ကိုယ်ချင်းစာမည်နည်း။ ဘေးနာက မင်းသမီး မိုးစက်နေကို လက်တွဲခေါ်ပြီး ပြုံးရွှင်နေသည် ။ ခုလို အနေအထားကို မြင်နေရသည့် ကိုယ့်မျက်လုံးကိုပင် ထိုးကန်းမိချင်၏။

"ဦးပိုင် ဘေဘီကို မေ့မသွားရဘူးနော် ဘေဘီ ဦးပိုင်အနားကို အ

ရောက် လာခဲ့မယ်"

မျက်ရည်ကြားက အစအဆုံး ကြည့်နေပြီး ကျောခိုင်း ထွက်ခွာခဲ့၏။ ခပ်လှမ်းလှမ်းမှ ဘေဘီပုံစံနှင့် တူသော ကောင်မလေး တစ်ယောက် ကျောခိုင်း ထွက်သွားတာကို ပိုင်ရှင် မြင်လိုက်သည် ။ လူအုပ်ကြားမှ လိုက်ကြည့် နေမိသည် ။ မျက်နှာတစ်ချက် ငဲ့ချိန်တွင် လှမ်းမြင်လိုက်ရသည် ။

"ဘေဘီ ဘေဘီ"

ဘယ်သူကိုမှ ဂရုမစိုက်နိုင်ဘဲ လှမ်းခေါ်လိုက်မိသည် ။ လိုက်သွားရန် ပြင်လိုက်သည့် ပိုင်ရှင်ကို နေက လှမ်းဆွဲ ထားလိုက်သည် ။ လာတွေ့တော့လည်း မတွေ့ပဲ ဘာကြောင့် အဝေးကသာ ကြည့်နေရသလဲ။ ပိုင်ရှင် စိတ်တိုစွာ အံကို ကြိတ်ခဲ ထားလိုက်မိသည် ။

ထိုအချိန်ကစ၍ အလုပ်များ နှင့် လုံးလည်ခတ်ပြီး ဘေဘီဆီကို ဖုန်းမဆက်ဖြစ်တော့ပါ။ ဆက်လျှင်လည်း ဘေဘီက ဖုန်းတစ်ခါမှ မပြောခဲ့။

သုံးနှစ်အတွင်း ဘေဘီ အတတ်နိုင်ဆုံး ဝိတ်ချနိုင်ခဲ့သည် ။ ကျေနပ်သည့် အတိုင်းအတာ မဟုတ်ပေမယ့် အချိုးအစား ကျလာတာတော့ သေချာသည် ။ ဦးပိုင်လည်း အရမ်း ကျော်ကြားသည့် starတစ်ယောက် ဖြစ်နေသည် ။ ထို့အတူ မင်းသမီးနေနှင့် ချစ်သူတွေ ဖြစ်နေသည် ဆိုလား။ သို့ပေမယ့် ကိုယ်တိုင် လက်တွေ့မသိဘဲ မယုံနိုင်ပါ။

"တီလေး ဘေဘီ ရန်ကုန်မှာ သင်တန်း ဆက်တက်မလို့ "

"ကောင်းသားပဲ ဘယ်မှာ နေမလဲ အဆောင်မှာ လား"

" မဟုတ်ဘူး ဦးပိုင်တို့ အိမ်မှာ "

"အဟွတ် အဟွတ်"

သောက်လက်စ ကော်ဖီပင် တီလေး သီးသွားတော့သည် ။

"မိဘောဘီ ရူးနေပြီလား နင်ပဲ သုံးလေးနှစ်လုံး ပိုင်ကို ရှောင်နေပြီး တော့"

"အခုက အခုလေ တီလေးက သွားရမလား မသွားရဘူးလားပဲပြော "

"တီလေးက တားပါ့မလား သွားပေါ့"

ခပ်ပြုံးပြုံးလေးဖြင့် တီလေးကို ကြည့်လိုက်သည် ။ ကိုယ့်အကြံနှင့် ကိုယ်မို့ အကောင်အထည် ဖော်ရမည်။

ဖုန်းဆက်းကဒ် အဟောင်းကို ပြန်ထည့် သုံးလိုက်သည် ။ ယခင်က ထည့်လိုက် ပြန်ဖြုတ်လိုက် လုပ်ပေမယ့် ခုတော့ သုံးဖို့ ဆုံးဖြတ်လိုက်သည် ။

ဦးပိုင်ဆီကို ဖုန်းဆက်ကြည့်တော့ ဖုန်းဝင်တာ တွေ့ရသည် ။ ခုထိ ဖုန်းကဒ် သုံးနေသေး၍ အရမ်းပျော်မိသည် ။ မက်စေ့ တစ်စောင်ကို ပို့ ထားလိုက်သည် ။

"ဦးပိုင် ဘောဘီ ဦးပိုင်ဆီကို မနက်ဖြန် လာတွေ့မယ်"

ဦးပိုင် ဒီမက်စေ့ကို မြန်မြန်တွေ့ပါစေ။ ဘောဘီ ဆုတောင်းလိုက် သည် ။ ဘောဘီကို အရင်တုန်းကလို ခင်ပါ့မလား။ စိုးရိမ်စိတ်လေးက မ သိမသာ တိုးဝင်လာသည် ။ မှတ်ရော မှတ်မိပါ့မလား၊ အတွေးများ စွာ ဖြင့် အိပ်မပျော်နိုင်ခဲ့ပြီ။ အိပ်ပျော်တော့လည်း အိပ်မက်ထဲတွင် ဦးပိုင် က မသိသလိုလုပ် မျက်နှာလွှဲသွားသည် ။ အပြင်မှာ သည် လိုပြုမူလျှင် ဘောဘီ ရင်ကွဲပါလိမ့်မည်။

ညက နိုက်စင်းရှိတာကြောင့် ပင်ပန်းပြီး ချက်ချင်း အိပ်ပျော်သွားခဲ့

သည် ။ မနက်ရောက်တော့ ပိုင်ရှင်ကိုင်သည့် ဖုန်းကို ကြည့်မိလိုက်သည် ။ မက်စေ့တစ်စောင်ကို မြင်လိုက်ရ၍ ပျော်လည်း ပျော် အံ့သြသွားမိသည် ။

"ဘေဘီ လာမယ်ပေ့ါ"

"မေမေရေ မေမေ"

အောက်ထပ်ကို အပြေးလေးဖြင့် ဆင်းပြေးလာခဲ့သည် ။ အပျော်လွန်ပြီး ဆင်းလာခဲ့သည် ။

"ပိုင် အလောတကြီးနဲ့ ဘာတွေ ဖြစ်လာတာလဲ"

"ဘေဘီ လာမယ်တဲ့ "

"သိသားပဲ ညက ဘေဘီ တီလေး ဖုန်းဆက်ပြောတယ်။ ဒီမှာ နေပြီး ဒီဇိုင်နာနဲ့ မိတ်ကပ်လိမ်း သင်တန်း လာတက်မှာ တဲ့ "

ဒါဆို အကြာကြီး နေမယ်ဆိုတာ သိလိုက်သည် ။ မတွေ့ခဲ့ရသည့် အချိန်တွေအတွက် အတိုးချကာ အပြစ်ပေးရမည်။ လာပါစေဦး။ ဘေဘီ က ပိုင်ရှင်ဘဝတွင် တန်ဖိုးထားရသည့် ညီမလေး ဆိုလျှင်လည်း မမှားပါ။ ပိုင်ရှင် အလုပ်ကြောင့် လူပေါင်းများ စွာနှင့် ပြောဆို ဆက်ဆံ ခင်မင်ပေမယ့် ဘေဘီနှင့် ခင်မင် ပျော်ရွှင်ခဲ့ရသည့် အချိန်များကို မမေ့နိုင်ခဲ့ပါ။ ကလေးတစ်ယောက်လို ဟန်ဆောင်မှု ကင်းစွာ ဆိုးနွဲ့တတ်သည့် အကျင့်လေးကို သဘောကျသည် ။ တစ်ယောက်တည်း ပြုံးနေ မိပြန်သည် ။

"သား ပိုင် ဒီနေ့ ရှူတင် ရှိတယ် မဟုတ်လား ဘာထိုင်ပြုံးနေတာလဲ"

"ရှောင်နေတဲ့ ဘေဘီကို ဘယ်လို အပြစ်ပေးရမလဲ စဥ်းစားနေတာ"

"မင်းကတော့လေ ကလေးကို စရမယ်ဆို ထိပ်ကပဲ တော်ကြာ လန့်ပြေးပါ့မယ်"

"ဟီးဟီး"

ဘာကြောင့်မှန်းမသိ စိတ်ထဲတွင် အလိုလို ပျော်နေမိသည်။

ဘေဘီမှာ လည်း ဦးပိုင်လိပ်စာကို အရင်မသွားပဲ ရှုတင်ကို သွားရန် ဆုံးဖြတ်ထားသည် ။ ညက ဦးပိုင်က သူရှိမည့် နေရာကို ပို့စ်တင်ထားသည် ။ ရှုတင် တည်နေရာကို ရောက်တော့ လူများ ရုတ်ရုတ်သဲသဲဖြစ်နေ၍ စပ်စုချင် လာမိသည် ။ အနားကို သွားကြည့်တော့ ဦးပိုင်ကို ဝိုင်း၍ ဆိုင်းထိုးခိုင်း နေကြသည် ။

ဘေဘီလည်း လူအုပ်ထဲတွင် တိုးကာ ဆိုင်းထိုးခိုင်းရန် ပြင်လိုက်သည် ။ ဦးပိုင် မမှတ်မိ မှတ်မိကိုလည်း သိချင်မိသည် ။ ဘေဘီအလှည့်တွင် စာအုပ်ကို ချပေးလိုက်ပေမယ့် မော့ပင်မကြည့်ပဲ လက်မှတ် ထိုးပေးလိုက်သည် ။ ဘေဘီ တော်တော် စိတ်ပျက်သွားမိသည် ။ တစ်ချက်လေးပင် မော့မကြည့်သည့် လူကြီး။ စာအုပ်ကို ကောက်ယူကာ ထွက်လာခဲ့သည် ။

ပိုင်ရှင် မအားပေမယ့် ရိုင်းရာ ကျမည်စိုး၍ တစ်ယောက်ဆီ ဆိုင်းထိုးပေးနေရာမှ လူများ စုပြုံလာ၍ မော့ပင်အကြည့်နိုင် အမြန် ထိုးပေးလိုက်သည် ။ ရှုတင် မြန်မြန်ပြီးမှ အိမ်ပြန်လျှင် ဘေဘီကို တွေ့ရမည်။ ကောင်မလေး တစ်ယောက်၏ လက်ကို မြင်လိုက်တော့ ဘေဘီလက်မှာ ရှိသည့် မှဲ့ နှင့်တူနေ၍ မော့ပြီး လိုက်ကြည့်ပေမယ့် နောက်ကျောကိုသာ တွေ့လိုက်ရသည် ။

လိပ်စာ အတိုင်းတော့ သည် အိမ်ဖြစ်သည် ။ ခြံထဲကို ချောင်းကြည့်နေစဉ် လူကြီး တစ်ယောက်က အနားကို ရောက်လာတော့သည် ။

"တူမကြီး ဘယ်သူနဲ့ တွေ့ချင်လို့ လဲ"

"အမလေး"

လက်ထဲတွင် ကိုင်လာသည့် ပစ္စည်းများ ပင် လွှတ်ချ ပစ်လိုက်မိသည် ။ လန့်လျှင် ယောင်တတ်သည့် အကျင့် ဘေဘီတွင် ရှိသည် ။

"တူမကြီးက ဘေဘီခေတ် ဆိုတာလား၊ ဒါဆို အထဲဝင်လေ မမကြီးက မှာ ထားခဲ့တာ"

"ဒါဆို မေလေးက ဘယ်သွားလို့ လဲ"

"ဘုရားကိုးဆူ သွားတာ"

အိမ်ထဲကို ခေါ်လာခဲ့၍ နောက်က  လိုက်လာခဲ့သည် ။ တစ်အိမ်လုံး ဦးပိုင်ပုံများ သာ ချိတ်ဆွဲထားသည် ။

"ဒါ သမီးနေရမယ့် အခန်း နားလိုက်ဦး လိုတာရှိ ပြောနော်"

"ဟုတ်"

ဘေဘီဆိုတာက ကလေး တစ်ယောက်လိုပင် အငြိမ်မနေတတ်သူ။ တစ်ခုခုကို စပ်စုနေရမှ ကျေနပ်တာ။ ဦးပိုင်အခန်းဟု ထင်ရသည့် အခန်းကို ဖွင့်ကြည့်မိတော့ အခန်းကို တော်တော် သဘောကျသွားသည် ။ အိပ်ခန်းဘေးတွင် ရှိသည့် အဝတ်အစားခန်းကို ကြည့်ပြီး သဘောကျသွားသည် ။

"wow အများကြီးပဲ  "

အဝတ်စားများကို လျှောက်ကြည့်ရင်း ဝတ်ကြည့်ချင်စိတ် ပေါ်လာမိသည် ။

"ဦးပိုင် မ လာလောက်သေးပါဘူး ဝတ်ကြည့်ဦးမှ "

တစ်ထည်ပြီး တစ်ထည် ဝတ်ကြည့်လိုက် ပြန်ချွတ်လိုက် လုပ်နေရင်း အဝတ်များ ပြန့်ကြဲကုန်သည် ။

နောက်ဆုံး ဦးပိုင် ပြန်လာမှာ ကိုပင် မေ့သွားသည် ။

***